## ဓမ္မခန္တာ (၅၂) ထို–တောင် (အလ် တူးရ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၆)၊ သုတ်ဒေသနာ ပါး (၄၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–

| | |
|---|---|
| ၁။ | **وَالطُّورِ** ۞<br>ထို–တောင်အားဖြင့်၊– |
| ၂။ | **وَكِتَابٍ مَّسْطُورٍ** ۞<br>ရေးမှတ်ထားသော ကျမ်းတော်အားဖြင့်– |
| ၃။ | **فِي رَقٍّ مَّنشُورٍ** ۞<br>အသက်ဝင်နိုးကြွနေသည့် အကွာရာတင်လွှာမှ ဖြစ်၏။ |
| ၄။ | **وَالْبَيْتِ الْمَعْمُورِ** ۞<br>လည်ပတ်ကြသော ဝတ်ကျောင်းတော်အားဖြင့်– |
| ၅။ | **وَالسَّقْفِ الْمَرْفُوعِ** ۞<br>မြှင့်ထားသော မျက်နှာကျက်အားဖြင့်– |
| ၆။ | **وَالْبَحْرِ الْمَسْجُورِ** ۞<br>ပြည့်လျှံလာသော ပင်လယ်သမုဒ္ဒရာအားဖြင့်– |
| ၇။ | **إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ** ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်ထံမှ ဝင့်ကြွေးသည် ခိုင်မာတည်တံ့၏။ |
| ၈။ | **مَا لَهُ مِن دَافِعٍ** ۞<br>၎င်းကို ခုခံနိုင်သူ ဟူ၍ မရှိချေ။ |
| ၉။ | **يَوْمَ تَمُورُ السَّمَاء مَوْرًا** ۞<br>ကောင်းကင်ယံသည် သွက်သွက်ခါ လှုပ်သော နေ့ကာလ၌၊ |
| ၁၀။ | **وَتَسِيرُ الْجِبَالُ سَيْرًا** ۞<br>တောင်တန်းများသည် ရွေ့မျော ရွေ့လျှားရလတ္တံ့။ |
| ၁၁။ | **فَوَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ** ۞<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးဆုံးရှုံးရလတ္တံ့။ |

| | |
|---|---|
| ၁၂။ | **الَّذِينَ هُمْ فِي خَوْضٍ يَلْعَبُونَ۞**<br>သူတို့သည် ဟာသလုပ် ပျက်လုံးထုတ်နေကြ၏။ |
| ၁၃။ | **يَوْمَ يُدَعُّونَ إِلَى نَارِ جَهَنَّمَ دَعًّا۞**<br>သူတို့အား  ဖိအားပေး၍ အပူမီး ငရဲဘုံသို့ ဖိတွန်းပို့ခံရသော နေ့ကာလ၌– |
| ၁၄။ | **هَذِهِ النَّارُ الَّتِي كُنتُم بِهَا تُكَذِّبُونَ۞**<br>ဤသည် သင်တို့ ငြင်းဆန်လေ့ ရှိသည့် အပူမီးပင်တည်း။ |
| ၁၅။ | **أَفَسِحْرٌ هَذَا أَمْ أَنتُمْ لَا تُبْصِرُونَ۞**<br>မှော်အတတ်ဖြစ်သလော၊ သို့တည်းမဟုတ် သင်တို့ အမြင် မရှိကြသလော၊ |
| ၁၆။ | **اصْلَوْهَا فَاصْبِرُوا أَوْ لَا تَصْبِرُوا سَوَاء عَلَيْكُمْ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۞**<br>ထို၌ လောင်ကျွမ်းစေလတ္တံ့၊ သင်တို့ သည်းခံနိုင်သည် ဖြစ်စေ သည်းမခံနိုင်သည် ဖြစ်စေ သင်တို့အတွက် မထူးချေ၊ သင်တို့ ကျင့်ကြံလေ့ရှိခဲ့ရာကိုသာ အစားပေးခံနေခြင်း ဖြစ်၏။ |
| ၁၇။ | **إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَعِيمٍ۞**<br>ကေန်ပင် စည်းစောင့်သူတို့သည် ဂုဏ်ရှိသော ဥယျာဉ်ဘုံများ၌ ဖြစ်ရမည်။ |
| ၁၈။<br><br>ပျော်ရွှင်မှု | **فَاكِهِينَ بِمَا آتَاهُمْ رَبُّهُمْ وَوَقَاهُمْ رَبُّهُمْ عَذَابَ الْجَحِيمِ۞**<br>ကံကြမ္မာရှင်၏ ချီးမြှင့်မှုကြောင့် သူတို့သည် **သီးနှံရသကဲ့သို့**ဖြစ်ရလတ္တံ့၊ ကံကြမ္မာရှင်သည် သူတို့အား ငရဲမီး ဝဋ်ကြွေးမှ ကာကွယ်ထားတော်မူ၏။ |
| ၁၉။ | **كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنتُمْ تَعْمَلُونَ۞**<br>သင်တို့၏ ကျင့်ကြံလေ့ရှိမှုများကြောင့် ကျေကျေနပ်နပ် စားကြ သောက်ကြကုန်လော့။ |
| ၂၀။<br><br>☆၄၄:၅၄ | **مُتَّكِئِينَ عَلَى سُرُرٍ مَّصْفُوفَةٍ وَزَوَّجْنَاهُم بِحُورٍ عِينٍ۞**<br>အစီအစဉ်ကျသော ဇိမ်ခံခုံများ၌ မှီလှဲစံစားစေ၍၊ ငါသည် သူတို့အား ဖြူစင်သော မျက်လုံးပိုင်ရှင်များနှင့် စုဖွဲ့ပေးတော်မူမည်။☆ |
| ၂၁။ | **وَالَّذِينَ آمَنُوا وَاتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَانٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَا أَلَتْنَاهُم مِّنْ عَمَلِهِم مِّن شَيْءٍ كُلُّ امْرِئٍ بِمَا كَسَبَ رَهِينٌ۞**<br>ယုံကြည်သော သူ၊ သူတို့အား ယုံကြည်ခြင်းဖြင့် လိုက်နာသော သူတို့၏ သားမြေးများ၊ ငါသည် သူတို့နှင့် သူတို့၏ သားမြေးတို့အား အတူဖြစ်စေတော်မူမည်။ သူတို့၏ ကျင့်ကြံမှု တစ်စုံတစ်ရာကိုမျှ ပပျောက်စေသည် မဟုတ်ချေ။ တစ်ဦးချင်းစီ၏ ကျင့်ဆောင်မှုတိုင်းသည် အာမခံပစ္စည်းပင် ဖြစ်၏။ |
| ၂၂။ | **وَأَمْدَدْنَاهُم بِفَاكِهَةٍ وَلَحْمٍ مِّمَّا يَشْتَهُونَ۞**<br>ငါသည် သူတို့အား သစ်သီးဝလံများနှင့် အသားများကို အာသီသရှိလောက် တိုးပွားစေတော်မူလတ္တံ့။ |
| ၂၃။ | **يَتَنَازَعُونَ فِيهَا كَأْسًا لَّا لَغْوٌ فِيهَا وَلَا تَأْثِيمٌ۞**<br>ထို၌ ပွစိပွစိမလုပ်၊ ဖယ်ပစ်ခြင်းမရှိသော သောက်သုံးခွက်ကို ကမ်းလှမ်းပေးကြကုန်လတ္တံ့။ |

| | |
|---|---|
| ၂၄။ | **وَيَطُوفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَأَنَّهُمْ لُؤْلُؤٌ مَّكْنُونٌ۞**<br>သူတို့အား သူတို့၏ ကာကွယ်ထားသော ပုလဲကဲ့သို့ ကလေးများသည် လှည့်လည်ဝိုင်းရံလျှက် ရှိလတ္တံ့။[၁၀၀၂] |
| ၂၅။ | **وَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۞**<br>သူတို့မှ အချို့က အချို့ထံသို့ ရှေ့တိုးလာလျှက် မေးမြန်းကြလတ္တံ့။ |
| ၂၆။ | **قَالُوا إِنَّا كُنَّا قَبْلُ فِي أَهْلِنَا مُشْفِقِينَ۞**<br>သူတို့က ပြောကြမည်မှာ“ရှေ့အလျှင်က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိုင်းသားများအတွင်း စိုးထိတ်ခြင်းဖြင့် ဖြစ်ခဲ့ရ၏၊– |
| ၂၇။ | **فَمَنَّ اللَّهُ عَلَيْنَا وَوَقَانَا عَذَابَ السَّمُومِ۞**<br>သို့သော် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား မျက်နှာသာပေးခဲ့ပြီ၊ အရှင်သည် ကျွန်ုပ်တို့အား ဝင့်ကြွေး အပူထုမှ ကာကွယ်ခဲ့၏။ |
| ၂၈။ | **إِنَّا كُنَّا مِن قَبْلُ نَدْعُوهُ إِنَّهُ هُوَ الْبَرُّ الرَّحِيمُ۞**<br>ကေန်ပင် ကျွန်ုပ်တို့သည် ရှေ့ကပင် အရှင့်ထံ ဆုတောင်းပန်ထွာခြင်း ရှိ၏။ အရှင်သည် ကောင်းမှုပြုသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏၊”ဟု ဖြစ်၏။ |
| ၂၉။ | **فَذَكِّرْ فَمَا أَنتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَلَا مَجْنُونٍ۞**<br>သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ ဂုဏ်ပေးမှုဖြင့် သတိဖေါ်ပေးလော့၊ သင်သည် ဗေဒင်ဆရာလည်းမဟုတ် ရူးသွပ်နေသူလည်း မဟုတ်ချေ။ |
| ၃၀။ | **أَمْ يَقُولُونَ شَاعِرٌ نَّتَرَبَّصُ بِهِ رَيْبَ الْمَنُونِ۞**<br>သို့တည်းမဟုတ် သူတို့က “သူသည် ကဗျာဆရာဖြစ်၏၊ သူ့အား သံသယဖြစ်ဘွယ် မျက်နှာသာရနေမှုကို ကျွန်ုပ်တို့ စောင့်ကြည့်နေ၏”ဟု ဆိုကြသလော။ |
| ၃၁။ | **قُلْ تَرَبَّصُوا فَإِنِّي مَعَكُم مِّنَ الْمُتَرَبِّصِينَ۞**<br>“စောင့်ကြည့်ကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည့်သူတို့မှ ဖြစ်၏၊”ဟု ဟောလော့၊ |
| ၃၂။ | **أَمْ تَأْمُرُهُمْ أَحْلَامُهُم بِهَذَا أَمْ هُمْ قَوْمٌ طَاغُونَ۞**<br>သူတို့၏ ဤ စိတ်ကူးက သူတို့အား ညွှန်ကြားသလော၊ သို့တည်းမဟုတ် သူတို့သည် စည်းဖျက်လူမျိုး ဖြစ်သလော။ |
| ၃၃။<br>ကုရ်အာန် | **أَمْ يَقُولُونَ تَقَوَّلَهُ بَل لَّا يُؤْمِنُونَ۞**<br>သို့မဟုတ် “သူသည် **၎င်း**ကို တီထွင်ပြောခြင်း၊”ဟု ပြောကြသလော၊ အမှန်မှာ သူတို့သည် ယုံကြည်များ မဟုတ်ချေ။ |
| ၃၄။<br>ဟဒီးဆ် | **فَلْيَأْتُوا بِحَدِيثٍ مِّثْلِهِ إِن كَانُوا صَادِقِينَ۞** |

---

(၁၀၀၂) ဤသုတ်တော်တွင် ပြောဆိုသော “သားရတနာများ”ကို ဆရာတော်ကြီး တစ်ချို့က ကံကျွေးလုလင်များ၊ ယောကျ်ားလေးများဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး **ဂိုလာမန်** ဆိုသည်ကို ကိုယ်တော် အီဗရာဟီးမ်အား သားရတနာပေးမည်ဟု ပြောဆိုသော ၅၁း၂၈။ မိခင် မာရိအား သားရတနာ ပေးမည်ဟု ဆိုသော ၁၉း၁၉ နှင့် အခြားမြောက်များစွာသော နေရာတိုင်းတွင် တွေ့နိုင်ပေသည်။ ဤသုတ်တော်မှ ပြောသော သားရတနာ ဆိုသည်မှာ သုတ်တော် ၂၁ တွင် သူတို့အား သူတို့၏ သားသမီးများနှင့် ပေါင်းဆုံစေမည်ဟု ပြောခဲ့ပြီး ဖြစ်ခြင်းကြောင့် သူတို့၏ အပြစ်မဲ့သော ဖြူစင်သန့်ရှင်းသော သားများ ဖြစ်ကြောင်း လွယ်ကူစွာ နားလည်နိုင်ပေသည်။ ထို့ပြင် နိုင်ငံရေး စကားလုံး၊ ဘာသာရေး စကားလုံးများတွင် မိမိ၏ တပည့် ဒကာများကိုလည်း သားသမီးများဟု ခေါ်ဆိုလေ့ရှိသောကြောင့် မိမိတို့၏ နောက်လိုက်ကောင်း တပည့်များကိုလည်း ဆိုလိုပေသည်။ ထိုသူတို့သည် နိဗ္ဗာန်ဘုံတွင် အလိုလိုရှိနေပြီးသော နတ်သားများ မဟုတ်ကြောင်းကို သုတ်တော် ၂၆–၂၇ က အတိအကျထောက်ပြထားပေသည်။

| | |
|---|---|
| | သူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ထိုကဲ့သို့ **ဆင့်ပြန်ချက်** တစ်ခု ပေးအပ်စေလော့။ |
| ၃၅။ | **أَمْ خُلِقُوا مِنْ غَيْرِ شَيْءٍ أَمْ هُمُ الْخَالِقُونَ۝**<br>သို့တည်းမဟုတ် သူတို့သည် တစုံတရာ မရှိခဲ့ရာမှ ဖြစ်တည်စေခြင်းခံရသလော၊ သို့တည်းမဟုတ် သူတို့သည် ဖြစ်တည်ပေးနိုင်သူများ ဖြစ်သလော။ |
| ၃၆။ | **أَمْ خَلَقُوا السَّمَاوَاتِ وَالْأَرْضَ بَل لَّا يُوقِنُونَ۝**<br>သို့တည်းမဟုတ် သူတို့သည် မိုးများနှင့် မြေအား ဖြစ်တည်စေခဲ့သလော၊ အမှန်မှာ သူတို့သည် ဒိဋ္ဌယုံကြည်မှု မရှိကြချေ။ |
| ၃၇။ | **أَمْ عِندَهُمْ خَزَائِنُ رَبِّكَ أَمْ هُمُ الْمُصَيْطِرُونَ۝**<br>သို့တည်းမဟုတ် သူတို့ထံ၌ ကံကြမ္မာရှင်၏ ဘဏ္ဍာတော်များ ရှိသလော၊ သို့တည်းမဟုတ် ရေးမှတ်နိုင်သူများ ဖြစ်ကြသလော။ |
| ၃၈။ | **أَمْ لَهُمْ سُلَّمٌ يَسْتَمِعُونَ فِيهِ فَلْيَأْتِ مُسْتَمِعُهُم بِسُلْطَانٍ مُّبِينٍ۝**<br>သို့တည်းမဟုတ် သူတို့သည် အကြားအာရုံ သင္ဘိသုခချာန် ရထားသလော၊ သို့ဖြစ်လျှင် ကြားနာရသူများအား ရှင်းလင်းသော လုပ်ပိုင်ခွင့်ကို ပေးအပ်စေကုန်။[၁၀၀၃] |
| ၃၉။<br>☆<br>၄း၁၁၇ | **أَمْ لَهُ الْبَنَاتُ وَلَكُمُ الْبَنُونَ۝**<br>သို့တည်းမဟုတ် အရှင့်အတွက် သမီးများ ရှိ၍ သင်တို့အတွက် သားများ ရှိကြသလော။☆ |
| ၄၀။ | **أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ۝**<br>သို့တည်းမဟုတ် သင်သည် သူတို့ထံမှ အကျိုးဆုလဒ် တောင်းဘူးသလော၊ သို့အတွက် သူတို့မှာ အကြွေး ဝန်ပိနေကြသလော။ |
| ၄၁။ | **أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ۝**<br>သို့တည်းမဟုတ် သူတို့ထံ၌ စက္ခုလွန်များသည် ရှိ၍၊ သူတို့ မှတ်တမ်းတင်ထားကြသလော။ |
| ၄၂။ | **أَمْ يُرِيدُونَ كَيْدًا فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ۝**<br>သို့တည်းမဟုတ် သူတို့သည် ကြံစည်လိုကြသလော၊ သို့သော် ဖုံးကွယ်သော သူတို့သည်သာ သူတို့ကိုယ်သူတို့ ကြံစည်ခြင်း၌ ငြိနေကြကုန်၏။ |
| ၄၃။ | **أَمْ لَهُمْ إِلَهٌ غَيْرُ اللَّهِ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ۝**<br>သို့တည်းမဟုတ် သူတို့အဘို့ ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားသည် ရှိနေသလော။ ဦးထိပ်ထားအပ်သော ပရမတ်ဘုရားရှင်သည် သူတို့၏ ရောပြွန်းကိုးကွယ်ရာတို့မှ ကင်း၏။ |
| ၄၄။ | **وَإِن يَرَوْا كِسْفًا مِّنَ السَّمَاءِ سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ۝**<br>မိုးကောင်းကင် အစိတ်စိတ် ပြိုကျသည်ကို သူတို့ကို မြင်စေသော်၊ သူတို့က “မိုးတိမ် အစုအပုံ၊”ဟု ပြောကြလတ္တံ့။ |

---

**(၁၀၀၃)** ဤသုတ်တော်မှ **سُلَّمٌ ဆူလ်လမ်** ကို ဆရာတော်ကြီးများက လှေကားဟု ပြန်ဆိုကြပေသည်။ သို့သော် ထိုစကားလုံးသည် ရှေးအာရဗ်ဂန္ဓိရဆရာတို့၏ ကောင်းကင်သို့တက်ခြင်း၊ နက္ခတ်တာရာများကို တွက်ချက်၍ လူသားတို့အား အတိတ်ဟောခြင်း အတွက် အမြင့်သို့ တက်ခြင်းများကို ပြောဆိုသော စကားလုံး ဖြစ်၍၊ ပါဠိ ဝေါဟာရ “ဈာန”– မြန်မာ စကားလုံး “ဈာန်”နှင့် တိုက်ရိုက် အဓိပ္ပါယ် တူပေသည်။ ထိုသူတို့သည် သူတို့ပြောနေသကဲ့သို့ ဈာန်ရသူများ မဟုတ်ဟု ကျမ်းတော်က ဆိုလိုခြင်း ဖြစ်ပေသည်။ ဖ်း၃၅ တွင် ကြည့်ပါ။

| | |
|---|---|
| ၄၅။ | **فَذَرْهُمْ حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ۝**<br>သူတို့အား နားစည်ကွဲလဲနေသည့် နေ့ကာလကို ဆုံတွေ့ရသည့်တိုင် သူတို့အား ချန်ထားခဲ့လော့။ |
| ၄၆။ | **يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ۝**<br>ထိုနေ့၌ သူတို့၏ ကြံစည်မှုများသည် သူတို့အတွက် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိ၊ သူတို့အား အကူအညီလည်း မရှိချေ။ |
| ၄၇။ | **وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۝**<br>ကေန်ပင် မိုက်ကြေးခဲ့သော သူများအတွက် ဤမှအပ ဝင့်ကြွေးသည် ရှိသေး၏၊ သို့ရာတွင် သူတို့မှ အများစုကြီးသည် သိကြည်သည် မဟုတ်ချေ။ |
| ၄၈။ | **وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ۝**<br>သို့ဖြစ်၍ ကံကြမ္မာရှင်၏ ဓမ္မသတ်အား သည်းခံစောင့်လော့၊ ကေန်ပင် သင်သည် ငါ့ မျက်လုံးရှေ့၌ ရှိ၏၊ သင်၏ ရပ်တည်ချိန်တွင် ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့။ |
| ၄၉။ | **وَمِنَ اللَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ۝**<br>ညပိုင်း– ကြယ်တာရာများ ကျောခိုင်းစဉ် အရှင့်အား ဦးထိပ်ထားလော့။ |